# အသိပေးကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အွန်လိုင်းမှတ်ပုံတင်စနစ်တွင် ဖွဲ့စည်း မှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည့်အပြင် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှချမှတ်ထားသော အခြားတည်ဆဲဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိရပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် မှတ်ပုံတင်အရာရှိက အများပြည်သူသိရှိစေနိုင်ရန် ကြေညာသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ MOE PYAE PHYO SERVICES COMPANY LIMITED သည် အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ပြီး တရားမဝင် တင်သွင်းမှုတွင် ပါဝင်ပတ်သက်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ က အကြောင်းကြားလာသည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုနည်းလမ်းအရ အဆိုပါကုမ္ပဏီကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ၁ နှစ်ကာလအတွင်း အမည်ပျက်စာရင်း ၁ နှစ် ရေးသွင်း သတ်မှတ် လိုက်ကြောင်း သိရှိနိုင်ရန် အသိပေး ကြေညာအပ်ပါသည်-

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်အမှတ်/ ရက်စွဲ | လိပ်စာ |
|---|---|---|---|
| (က) | MOE PYAE PHYO SERVICES COMPANY LIMITED | 132454833 (18-2-2022) | No.(113/B), Ah Kauk Khon (4th) Street, Ward (39), Dagon (North) Township, Yangon Region |

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အထွေထွေအရပ်ရပ် - ၁၆

(ရုံးတွင်းစာအကျဉ်းချုပ်(သို့မဟုတ်)စာကြမ်းရေးရန်)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်

အကြောင်းအရာ။ **တရားမဝင်တင်သွင်းမှုတွင်ပါဝင်ပတ်သက်သည့် MOE PYAE PHYO SERVICES COMPANY LIMITED ကို အမည်ပျက်စာရင်း ရေးသွင်းရန်ကိစ္စ**

၁။ သီလဝါအထူးစီးပွားရေးဇုန်၌ ဖမ်းဆီးရမိသော ပေ ၂၀ ကုန်သေတ္တာ ၁၁ လုံးအား Asia World ဆိပ်ကမ်းမှတစ်ဆင့် တရားမဝင်တင်သွင်းမှုတွင် ပါဝင်ပတ်သက်သည့် MOE PYAE PHYO SERVICES COMPANY LIMITED ကို ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုနည်းလမ်းအရ အမည်ပျက်စာရင်း ၁ နှစ် ရေးသွင်းသတ်မှတ်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ (၉/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ဆောင်ရွက်ရန်ခွင့်ပြုခဲ့သည့်အတွက် ဌာန၏ ဝက်ဘ်ဆိုက်တွင် ကြေညာခွင့်ပြုနိုင်ပါရန် ကြေညာချက်နှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

(ခင်အေးအေးမြတ်)

လက်ထောက်ညွှန်ကြားရေးမှူး

**ဒုတိယညွှန်ကြားရေးမှူး**

၂။ ဌာန၏ဝက်ဘ်ဆိုက်တွင် ကြေညာခွင့်ပြုပါရန် ဆက်လက်တင်ပြအပ်ပါသည်။

CEC 9/2023)

9/10/2023

ညွှန်ကြားရေးမှူး၊

Yellow Card

အထွေထွေအရပ်ရပ် - ၁၆

(ရုံးတွင်းစာအကျဉ်းချုပ်(သို့မဟုတ်)စာကြမ်းရေးရန်)